## ပရီမီယံတွက်ချက်ပုံ

ပရီမီယံတွက်ချက်မှုအား အာမခံထားသူ၏ အသက်နှင့် ၎င်းတို့ရယူလိုသော အာမခံအကာအကွယ်အလိုက် တွက်ချက်နိုင်ပြီး ပရီမီယံပေးသွင်းမှု ပုံစံအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။

(ဇယားအောက်တွင်ဖော်ပြထားသည်)

| ကျန်းမာရေးအာမခံ ပရီမီယံကြေးတွက်ချက်ပုံဇယား | | တစ်ဦးချင်းပေါ်လစီ | | အုပ်စုလိုက်ပေါ်လစီ | | | |
|---|---|---|---|---|---|---|---|
| အကာအကွယ်များ | အသက် အပိုင်းအခြား | ပရီမီယံကြေး | | ပရီမီယံကြေး | | | |
| | | ၆လ | ၁နှစ် | ၁လ | ၃လ | ၆လ | ၁နှစ် |
| Basic Coverage | 6~30 | 5,600 | 11,000 | 1,000 | 2800 | 5300 | 10500 |
| | 31~40 | 7300 | 14300 | 1200 | 3600 | 6900 | 13600 |
| | 41~50 | 9000 | 17600 | 1500 | 4400 | 8600 | 16700 |
| | 51~60 | 14600 | 28600 | 2500 | 7100 | 13900 | 27200 |
| | 61~75 | 31400 | 61600 | 5300 | 15400 | 29800 | 58500 |
| Optional Coverage -1 | 6~75 | 8400 | 16500 | 1400 | 4200 | 8000 | 15700 |
| Optional Coverage -2 | 6~75 | 4500 | 8800 | 800 | 2200 | 4300 | 8400 |

## ကျန်းမာရေးအာမခံ၏ အကျိုးကျေးဇူးများ

- (၁) စိတ်အေးချမ်းမှုရရှိစေနိုင်ခြင်း
  AMI Life ၏ ကျန်းမာရေးအာမခံ မှ ကျန်းမာရေးကြောင့်ဖြစ်ပေါ်လာနိုင်မယ့် ကုန်ကျစရိတ်များကို အကာအကွယ်ပေးသည့်အတွက်၊ အနာဂတ်မှ ဖြစ်ပေါ်လာနိုင်မယ့် ငွေကြေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအား လျှော့ချနိုင်ခြင်း။
- (၂) ကုသမှုကုန်ကျစရိတ်များသည် စုငွေကိုထိခိုက်မှုမရှိစေနိုင်ခြင်း
  ပေါ်လစီသက်တမ်းတလျှောက် ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များအား အကာအကွယ်ပေးသည့်အတွက်၊ အာမခံထားသူအနေဖြင့် မိမိတို့ စုငွေများမှ စိုက်ထုတ်သုံးစွဲနေရမှုအား လျှော့ချပေးနိုင်ခြင်း၊
- (၃) နလန်ထူအောင်သာ အာရုံစိုက်ရန်လိုအပ်ခြင်း
  အာမခံထားသူက နေမကောင်းခြင်းမှ ပြန်လည် နလန်ထူအောင်သာ ဂရုစိုက် ရန်လိုအပ်ပြီး၊ ကုန်ကျစရိတ်များအတွက် မိမိတို့၏ ကျန်းမာရေးအာမခံ မှ တာဝန်ယူပေးနိုင်ခြင်း၊

## ကျန်းမာရေးအာမခံ

- (၁) ငွေမလိုလျော်ကြေးလျှောက်ထားခြင်း၊
  မိမိတို့ AMI Life နှင့် ချိတ်ဆက်ထားသော ဆေးရုံများတွင် အကာအကွယ် ရယူထားသော အကျိုးခံစားခွင့် ပမာဏအလိုက် ခံစားခွင့်ရရှိခြင်း
- (၂) ငွေသားစိုက်ထုတ်ကုန်ကျမှုများ အတွက် ငွေပြန်ထုတ်ပေးခြင်း၊
  မိမိတို့ စိုက်ထုတ်သုံးစွဲထားသော ဆေးကုသမှု ပမာဏအား အထောက်အထား စာရွက်စာတမ်းများနှင့်အတူ AMI Life သို့ပြန်လည်တင်ပြတောင်းခံ နိုင်ခြင်း၊

### လျော်ကြေးတောင်းခံခြင်း

လူကြီးမင်းအနေဖြင့် အာမခံအကျိုးခံစားခွင့် လျှောက်ထားရာတွင် AMI Life Claims Hotline (+959 940 077 773 Ext: 3(2)) (သို့) သက် ဆိုင်ရာအရောင်းကိုယ်စားလှယ် မှတစ်ဆင့် (သို့) AMI Life Assurance Website ရှိ E-Claims မှတစ်ဆင့် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

AMI Life ၏သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိလိုပါက

www.amilifeassurance.com
AYA Myanmar Life Assurance
https://tinyurl.com/AMI-Life
AYA Myanmar Life Assurance



# Health Insurance

## ကျန်းမာရေး အာမခံ

AMI Life
အသက်အာမခံ



- **ဘာလို့ကျန်းမာအောင်နေထိုင်ခြင်းက အရေးကြီးတာလဲ ?**

ကျန်းမာအောင်ကြိုတင်ကာကွယ် နေထိုင်ခြင်းက၊ ကုသခြင်းထက် ပိုပြီး အရေးကြီးပါတယ်။ သို့သော် မကျန်းမာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများအား ခန့်မှန်း၍မရနိုင်ပါ။ ထို့ကြောင့်AMI Life ရဲ့ ကျန်းမာရေး အာမခံဖြင့် ကြိုတင်ခန့်မှန်း၍ မရနိုင် သော ဆေးရုံ/ ဆေးခန်း တက်ရောက် ကုသစရိတ်များ၊ ခွဲစိတ်စရိတ်များအား အကာအကွယ်ရယူလိုက်ပါ။

- **ဘာဖြစ်လို့ AMI Lifeကျန်းမာရေးအာမခံကို ဝယ်ယူသင့်တာလဲ ?**

## ကျန်းမာရေးကိစ္စများ

ကျန်းမာရေးကိစ္စများကြောင့် ဆေးကုသမှုခံယူရတဲ့အခါ ဆေးရုံတက်ရောက် စရိတ်များ၊ ခွဲစိတ်ကုသမှုစရိတ်များ၊ အမျိုးသမီးများအတွက် ကိုယ်ဝန်ပျက် ကျမှုစရိတ်များ၊ ပြင်ပလူနာဆေးခန်းပြသမှုစရိတ်များကုန်ကျမှုမှ ကာကွယ် နိုင်ပါတယ်။

## ကုန်ကျစရိတ်များသက်သာခြင်း

AMI Life ရဲ့ကျန်းမာရေးအာမခံကို ကြိုတင်အကာအကွယ်ရယူထားခြင်းဖြင့် မည်သည့်ဆေးရုံ/ ဆေးကုသမှု အဆောက်အဦးများတွင်ဖြစ်စေ တက်ရောက် ကုသမှုခံယူနိုင်ပြီး အကာအကွယ်ကြိုတင် ရယူထားသော အတိုင်းအတာ ယူနစ် များအလိုက် အနည်းဆုံး ဆေးရုံတက်ရက် တစ်ရက်လျှင် ကျပ် (၁၀,၀၀၀) မှ အများဆုံး ကျပ် (၂၅၀,၀၀၀) အထိ ကုန်ကျစရိတ်များ သက် သာနိုင်ပါတယ်။

## အကျိုးခံစားခွင့်များ

(၁) ဆေးရုံတက်ရောက်ကုသစရိတ်

(၂) ခွဲစိတ်ကုသမှုစရိတ်

(၃) ကိုယ်ဝန်ပျက်ကျမှုနှင့် ဆက်စပ်စရိတ်

(၄) ဆေးခန်းပြသမှုစရိတ်

(၅) သေဆုံးမှုအကျိုးခံစားခွင့်

## ကျန်းမာရေးအာမခံဝယ်ယူရရှိထားသူများ

- အာမခံထားနိုင်သူများ

ကျန်းမာရေးအာမခံကို အသက် (၆) နှစ်မှ (၇၅) နှစ် အထိရှိသူ မည်သူမဆို အာမခံအကာအကွယ် ရယူနိုင်ပါသည်။

- အာမခံသက်တမ်း

ကျန်းမာရေးအာမခံသက်တမ်းမှာ စတင်ဝယ်ယူသည့်နေ့မှ (၁) နှစ်အထိ ဖြစ်ပါသည်။

- အာမခံထားနိုင်သည့်ဦးရေ

ကျန်းမာရေးအာမခံကို (၁) ဦးချင်းဖြစ်စေ၊ အနည်းဆုံး (၅) ဦးရှိသော မိသားစု (သို့မဟုတ်) အဖွဲ့လိုက်ဖြစ်စေအကာအကွယ်ရယူနိုင်ပါသည်။

## ကျန်းမာရေးအာမခံရယူမှုပုံစံ

- အကာအကွယ်များ

ကျန်းမာရေးအာမခံအကာအကွယ်များအား အခြေခံ အာမခံနှင့် အပိုအကာအကွယ်ဟူ၍ ခွဲခြားရယူနိုင်သည်။

| အခြေခံအကာအကွယ် | ဆေးရုံတက်ခြင်းကုန်ကျမှု စရိတ်များ |
|---|---|
| အပိုအကာအကွယ် (၁) | ခွဲစိတ်ကုသမှုစရိတ်များအကာအကွယ် |
| အပိုအကာအကွယ် (၂) | ဆေးခန်းပြသခြင်း |

## ရွေးချယ်အတိုင်းအတာယူနစ်များ

ကျန်းမာရေးအာမခံအား မိမိတို့၏ကျန်းမာရေးကုန်ကျစရိတ်များအပေါ်တွင် မူတည်၍ အနည်းဆုံး (၁)ယူနစ်မှ အများဆုံး (၂၅)ယူနစ်အထိရယူနိုင်ပါသည်။ (အပိုအကာအကွယ်ရယူသည့် ယူနစ်သည် အခြေခံအကာအကွယ် ထက်မပိုရပါ။ အပိုအကာအကွယ် များအား သီးသန့်ဝယ်ယူ၍ မရပါ)

## ကုန်ကျစရိတ်ခံစားခွင့်များ

| | |
|---|---|
| အခြေခံအကာအကွယ်(၁)ယူနစ်လျှင် | သေဆုံးခဲ့သည့်အခါ ငွေကျပ် (၁၀)သိန်း |
| **အတွင်းလူနာအဖြစ်ဆေးရုံ/ ဆေးခန်း တက်ရောက်ကုသမှု** | |
| အခြေခံအကာအကွယ်အတွက် (၁)ယူနစ်လျှင် | တစ်ရက်လျှင် ကုန်ကျစရိတ် ကျပ် (၁၀,၀၀၀)အများဆုံး ရက်ပေါင်း (၆၀)ထိ |
| အပိုအကာအကွယ် (၁)<br><br>တစ်ကိုယ်လုံးမေ့ဆေး (သို့မဟုတ်) ကိုယ်တစ်ပိုင်း ထုံဆေးဖြင့် ခွဲစိတ်ကုသမှု (၁)ယူနစ်လျှင် | ခွဲစိတ်ကုသမှုအတွက် (၁)ယူနစ်လျှင် အမှန်တကယ် ကုန်ကျစရိတ် (သို့) အများဆုံး (၅)သိန်းကျပ် |
| အပိုအကာအကွယ် (၁)<br>အမျိုးသမီးများ သဘာဝအလျောက်ကိုယ်ဝန် ပျက်ကျခြင်း (သို့မဟုတ်) ရောဂါကြောင့် ကိုယ်ဝန် ပျက်ကျခြင်း<br><br>(ရယူထားသောယူနစ် အရေအတွက်နှင့် မသက်ဆိုင်ပါ) | စုစုပေါင်း (၃) သိန်းကျပ် |
| **ပြင်ပလူနာအဖြစ်ဆေးခန်းပြသခြင်း** | |
| အပိုအကာအကွယ် (၂)<br><br>ဆေးခန်းပြသခြင်း (၁)ယူနစ်လျှင် | ဆေးခန်း (၁)ခါပြသခြင်းအတွက် ကျပ် (၂,၅၀၀)မှ အများဆုံး (၄)ကြိမ်ထိ |

## အကာအကွယ်ရယူပုံ

မိမိတို့၏ကုန်ကျစရိတ်အလိုက်အကာအကွယ်ရယူနိုင်ပါသည်။

### ဥပမာ (၁)

ဦးမြင့်ရွှေသည် ၎င်း၏ ကျန်းမာရေးဆေးကုသမှုစရိတ်များ သက်သာ ရန်အတွက်AMI Life ၏ ကျန်းမာရေးအာမခံရယူလို သည်။ ဦးမြင့်ဆွေ၏ မိတ်ဆွေများနှင့် ၎င်းအတွေ့အကြုံများအရ ဆေးရုံတက်ရောက်ကုသစရိတ် သည် တစ်ရက်လျှင် ပျမ်းမျှ ကျပ် (၅၀,၀၀၀) ခန့်ကုန်ပြီး၊ တစ်နှစ်အတွက် ဆေးခန်းပြသခြင်းအတွက် တစ်ခါပြသလျှင် ကျပ် (၁၀,၀၀၀) ခန့် ကုန်ကျသည်။

ထို့ကြောင့် ဦးမြင့်ရွှေ၏ ကျန်းမာရေးအာမခံရွေးချယ်မှုမှာ -
အခြေခံအကာအကွယ် - (၅) ယူနစ်
အပိုအကာအကွယ် (၂) - (၄) ယူနစ်
ဖြစ်ပါသည်။

### ဥပမာ (၂)

မောင်ကျော်ထိုက်အောင်သည်အထက်တန်းကျောင်းသား တစ်ဦး ဖြစ်ပြီး၊ ၎င်းကျန်းမာရေးကုသမှုစရိတ်များအတွက် မိဘများမှကျန်းမာရေး အာမခံထားပေးလိုသည်။ ၎င်းတို့တွက်ချက်မှုများအရ ဆေးရုံတက်ရောက်စရိတ်များမှာ တစ်ရက်လျှင် ပျမ်းမျှ ကျပ် (၁၅၀,၀၀၀) ခန့်ကုန်ကျမည် ဖြစ်ပြီး၊ ခွဲစိတ်ကုသမှုများအတွက်လည်း ကျပ် သိန်း (၃၀) ခန့်ကုန်ကျမည် ခန့်မှန်းသည်။

ထို့ကြောင့် မောင်ကျော်ထိုက်အောင်အတွက် မိဘများ၏ ကျန်းမာရေးအာမခံ ရွေးချယ်မှုမှာ -
အခြေခံအကာအကွယ် - (၁၅) ယူနစ်
အပိုအကာအကွယ် (၁) - (၆) ယူနစ်
ဖြစ်ပါသည်။